Australian Government

COVID-19 VACCINATION

# စတုတ္ထအကြိမ် COVID-19 ကာကွယ်ဆေး

2022 ခုနှစ် ဇူလိုင်လ 08 ရက်

ဆောင်းရာသီတွင် COVID-19 ပိုးကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ပိုးများကြောင့် ပိုးကူးစက်မှု များသောအားဖြင့် ပိုမိုအဖြစ်များကြသည်။ COVID-19 ကိုတွန်းလှန်ရန် ကာကွယ်မှုအများဆုံး ရရန်အတွက် ထပ်ဆင့်အပို အားဖြည့်ထိုးဆေး သို့မဟုတ် စတုတ္ထအကြိမ် (လေးကြိမ်မြောက်) COVID-19 ကာကွယ်ဆေးကို ထိုးစေရန် COVID-19 ရောဂါကြောင့် အလွန်အမင်း နာမကျန်းဖြစ်လာမည့် အန္တရာယ် ပိုမိုများသူများအား အကြံပြုပါသည်။ ၎င်းထိုးဆေးမှာ ကိုယ်ခံအား အလွန်အမင်း နိမ့်ချခံရသူများ၊ ရောဂါအခြေခံရှိသူများ သို့မဟုတ် မသန်စွမ်းသူများအတွက် ပဉ္စမ (ငါးကြိမ်မြောက်) အကြိမ် ဖြစ်ပါလိမ့်မည်။

သင် စတုတ္ထအကြိမ် (လေးကြိမ်မြောက်) ကိုထိုးသင့်သည် အကယ်၍ သင်သည်-

- အသက် 50 နှစ် သို့မဟုတ် အထက်အရွယ်
- သက်ကြီးစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် မသန်စွမ်းသူ စောင့်ရှောက်ရေးဂေဟာ နေထိုင်သူ

အသက် 16 နှစ်နှင့်အထက်အရွယ်ဖြစ်သည့်အပြင် အောက်ပါအခြေအနေရှိသူတို့ကိုလည်း နောက်ထပ် အားဖြည့်ထိုးဆေးထိုးရန် အကြံပြုသည်-

- ကိုယ်ခံအား နိမ့်ချခံရသူဖြစ်လျှင်
- အချို့ကင်ဆာရောဂါရှိသူဖြစ်လျှင် သို့မဟုတ် ကင်ဆင်ရောဂါမှ လွတ်မြောက်လာသူဖြစ်လျှင်
- ကိုယ်ခံအား အလိုအလျောက် တိုက်ခိုက်မှုကြောင့်ကုသမှုလိုအပ်သည့် ရောဂါရှိသူဖြစ်လျှင်

- သင့် အဆုတ်များ၊ အသည်း၊ ကျောက်ကပ်များ၊ ဦးနှောက် သို့မဟုတ် နှလုံးကို ထိခိုက်သည့် နာတာရှည်ရောဂါ သို့မဟုတ် ပြင်းထန်သည့် ရောဂါရှိသူဖြစ်လျှင်
- ဆေးဝါးသောက်သုံးရန်လိုအပ်သည့် ဆီးချိုရောဂါရှိသူဖြစ်လျှင်
- သိသိသာသာ သို့မဟုတ် ရှုပ်ထွေးသည့် ကျန်းမာရေး လိုအပ်ချက်များရှိသည့် မသန်စွမ်းသူဖြစ်လျှင်
- အလွန်အမင်း အဝလွန်ရောဂါရှိသူ သို့မဟုတ် ပိန်လွန်းသူဖြစ်လျှင်။

အသက် 30 နှစ်မှ 49 နှစ်အရွယ်များသည် ၎င်းတို့ သဘောအလျောက် စတုတ္ထအကြိမ်ကို ထိုးနိုင်သည်။

စတုတ္ထအကြိမ် အားဖြည့်ထိုးဆေးကို ထိုးသင့်သည် ဟုတ်/မဟုတ် မသေချာလျှင် သင့်ဆရာဝန်နှင့် ပြောဆိုပါ။

သင်သည် စတုတ္ထအကြိမ် COVID-19 ကာကွယ်ဆေးကို အားဖြည့်ထိုးဆေးထိုးပြီးနောက် အနည်းဆုံး **3 လ** ကြာပြီးဖြစ်လျှင် ထိုးနိုင်ပါသည်။

သင်သည် COVID-19 ကာကွယ်ဆေးကို တုပ်ကွေးရောဂါ ကာကွယ်ဆေးနှင့် တစ်ချိန်တည်းတွင် ထိုးနိုင်ပါသည်။

သင် မကြာသေးမီက COVID-19 ပိုးတွေ့စစ်ဆေးအဖြေရလျှင် သင်၏ နောက်ထပ် COVID-19 ကာကွယ်ဆေးအကြိမ်ကို မထိုးမီ **3 လ** စောင့်ဆိုင်းရန် အကြံပြုပါသည်။

ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် www.health.gov.au တွင်ကြည့်ပါ သို့မဟုတ် National Coronavirus Helpline (နိုင်ငံလုံးဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ် အကူအညီဖုန်းလိုင်း) ဖုန်း 1800 020 080 ကိုဆက်ပါ။ အခမဲ့ စကားပြန် ဝန်ဆောင်မှုများအတွက် နံပါတ် 8 ကိုနှိပ်ပါ။